# Highlights from DVB Debate's Boat People

## May 31, 2015

## "How to solve the boat people?"

"လှေစီးပြေးဒုက္ခသည်တွေကိစ္စမှာ သူတို့ဘာကြောင့်ထွက်လဲ သူတို့ဘဝလုံခြုံဖို့နောက်တခုက ဆွဲဆောင်မှုတွေရှိတယ်၊ နာမည်တခုနဲ့သုံးပြီးထွက်ရင် တခြားနိုင်ငံသားတွေထက် အခွင့်အရေးပိုရတယ် ဒါကြောင့်ထွက်တယ်"

ဒေါက်တာအေးမောင် - အမျိုးသားလွှတ်တော်အမတ်

---

"လှေစီးပြေးဒုက္ခသည်တွေဟာ ဓားစာခံတွေဖြစ်နေတယ်. နောက်ကွယ်မှာအသုံးချသူတွေရှိနေတယ်။ အဲဒီ အသုံးချခံရတဲ့သူတွေရဲ ပြဿနာ ပြေလည်ဖို့ ကျနော်တို့တွေအားလုံးက ခိုင်မာသေချာတဲ့ အချက်အလက်တွေနဲ့ အခြေခံပြီး ဖြေရှင်းဖို့လိုနေပြီ"

အလ်ဟာဂျ်ဦးအေးလွင် - ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့(မြန်မာနိုင်ငံ)အမြဲတေအဖွဲ့ဝင်

---

"ဘာကြောင့်သူတို့ လှေစီးပြီး ရွှေ့ပြောင်းသွားလာကြလဲ ကား၊ ရထား၊ လေယာဉ်တွေနဲ့ ခရီးသွားလာဖို့ မလွယ်ကူဘူး။ ဒုက္ခသည်စခန်းတွေမှာ ဒုက္ခပေါင်းစုံခံစားနေရတယ်၊ တသက်လုံးသူတို့ဟာ နိုင်ငံတကာနဲ့ အစိုးရရဲ့ အထောက်အပံ့နဲ့ပဲ အသက်ရှင်နိုင်ပါ့မလား.သူတို့လူမှုဘဝတွေကို စီစဉ်ပေးဖို့လဲ လိုပါတယ်။ ဒါကြောင့်သာ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းသွားလာနေရတာ"

ဦးဝင်းထွန်းစိုး - ရခိုင်ပြည်နယ်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဒါရိုက်တာ

---

"'ဒုက္ခသည်တွေထဲမှာ ဘင်္ဂါလီမှမဟုတ်ပါဘူး ရခိုင်တိုင်းရင်းသားတွေထဲမှာလည်း ဆင်းရဲဒုက္ခရောက်နေတာရှိတာပဲ။ နောက် ကျနော်ပြောချင်တာက ရွှေ့ပြောင်းဒုက္ခသည်တွေကတော့ ရွှေ့ပြောင်းဒုက္ခသည်အခွင့်အရေးပဲ ရမယ်၊ နိုင်ငံသားအခွင့်အရေးတော့ မရနိုင်ဘူး။ အကုန်လုံး ဒုက္ခဆင်းရဲရောက်နေပါတယ်လို့ ခြုံပြောတာကို လက်မခံပါဘူး။ လာလေ့လာပါ၊ လေ့လာပြီးပြန်သွားတဲ့အခါမှာလည်း အကောင်းမပြောဘူး အဆိုးချည်းပြောသွားကြတယ်"

ဦးမောင်မောင်အုန်း - ရခိုင်ပြည်နယ် ဝန်ကြီးချုပ်

---

“ကျနော်တို့ရခိုင်ပြည်နယ်ထဲမှာ ရဲလုံခြုံရေး အများဆုံးရှိပါတယ်။ တခြား နယ်ခြားစောင့်တပ်တို့၊ ကြည်းတပ်တို့ စသည်ဖြင့် ရှိတယ်။ မြန်မာ့ရေတပ်လုံခြုံရေးနဲ့ပတ်သက်လို့လည်း သံသယမရှိစေချင်ဘူး။ အခုက ဘင်္ဂလားဒေ့ရှ်ကလာတဲ့ ဒုက္ခသည်လှေတွေ ပြဿနာဖြစ်တော့ မြန်မာ့ရေပိုင်နက်ထဲမှာဖြစ်တာနဲ့ ဒီလူတွေအကုန် မြန်မာနိုင်ငံကဆိုတာ လက်မခံပါဘူး။”

ဦးမောင်မောင်အုန်း - ရခိုင်ပြည်နယ် ဝန်ကြီးချုပ်

---

“Humanitarian အကျပ်အတည်းကာလမှာ နေရပ်စွန့်ခွာထွက်ပြေးသူတွေဟာ သားကောင်ဖြစ်လာတယ်။ ရခိုင်ပြည်နယ်ကနေ လှေစီးပြေးသူတွေရှိတယ်ဆိုတာ အရှိတရား။ ရခိုင်တွေလည်း ခိုးထွက်တယ်၊ တချို့သူတွေက ကား၊ လေယာဉ်စီးမရလို့ လှေနဲ့ထွက်တာပါ”

ကိုညီညီ - ရိုဟင်လူမျိုးများအခွင့်အရေးလှုပ်ရှားရေးအဖွဲ့

---

“ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ လူ့ဦးရေထူထပ်မှုသိပ်သည်းဆကိုလည်း ထည့်တွက်ရမယ်၊ နောက်ပြီး ခိုးဝင်ကိစ္စတွေကို လူဝင်မှုကြီးကြပ်ရေးကနေစစ်ဆေးဖို့ ကိစ္စတွေရှိနေတဲ့ကြားက အခု လှေစီးဒုက္ခသည်အရေး ပေါ်ပေါက်လာတာဟာ မြန်မာ့နိုင်ငံရေးထဲဝင်ကစားချင်တဲ့ အပြည်ပြည်ဆိုင်ရာရဲ ပ့ါဝင်ပတ်သက်မှုကိုသံသယဝင်စေပါတယ်။ ”

ဒေါက်တာ ကျော်ကျော်အောင် - ရခိုင်သဟာအရအသင်း ဗဟိုအလုပ်အမှုဆောင်

---